# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
# ညွှန်ကြားချက်အမှတ်၊ ၁ / ၂၀၂၁

၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန သည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေပုဒ်မ ၂၉၄-ခ၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ **“ပင်လယ်ရေကြောင်းအလုပ်သမားဆိုင်ရာ လက်မှတ်ထုတ်ပေးခြင်းနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်အမှတ်(၂/၂၀၂၀) ကို ပြင်ဆင်သည့်ညွှန်ကြားချက်” အား** ထုတ်ပြန်လိုက်သည်။

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ၏ ၂၁-၁-၂၀၂၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၂/၂၀၂၀) ဖြင့် ထုတ်ပြန်ခဲ့သည့် ပင်လယ်ရေကြောင်းအလုပ်သမားဆိုင်ရာ လက်မှတ်ထုတ်ပေးခြင်းနှင့်စပ်လျဉ်းသည့် ညွှန်ကြားချက်၏ နောက်ဆက်တွဲ(က) “ပင်လယ်ရေကြောင်းအလုပ်သမားသတ်မှတ်ချက်များကို လိုက်နာကြောင်း ကြေညာချက်အပိုင်း(၁)”ကို ဤညွှန်ကြားချက်ပါ နောက်ဆက်တွဲ(က) ဖြင့် အစားထိုးလိုက်သည်။

၂။ မြန်မာအလံလွှင့်ထူထားသည့် သင်္ဘောများ၏ ပိုင်ရှင်များ နှင့် သင်္ဘောမန်နေဂျာများ၊ သင်္ဘောလုပ်ငန်း ဆောင်ရွက်သူများသည် ဤညွှန်ကြားချက်အရ ပြင်ဆင်ထားသည့် နောက်ဆက်တွဲ(က) “ပင်လယ်ရေကြောင်း အလုပ်သမားသတ်မှတ်ချက်များကို လိုက်နာကြောင်း ကြေညာချက်အပိုင်း(၁)”ပါ ပြင်ဆင်ချက်များနှင့်အညီ ပင်လယ်ရေကြောင်း အလုပ်သမား သတ်မှတ်ချက်များကို လိုက်နာကြောင်း ကြေညာချက်အပိုင်း (၂) (Declaration of Maritime Labour Compliance – Part II (DMLC –Part II)) ၏ သက်ဆိုင်ရာအပိုဒ် များတွင် လိုအပ်သောပြင်ဆင်မှုများကို ဆောင်ရွက်ရမည် ဖြစ်ပြီး ယင်းပြင်ဆင်ထားရှိသော ကြေညာချက် အပိုင်း(၂)ကို ဦးစီးဌာန သို့မဟုတ် အသိအမှတ်ပြုအဖွဲ့အစည်း (Recognized Organization) များထံသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၃။ တည်ဆဲပင်လယ်ရေကြောင်း အလုပ်သမားဆိုင်ရာလက်မှတ်များ (Maritime Labour Certificates) နှင့် တည်ဆဲ ပင်လယ်ရေကြောင်းအလုပ်သမား သတ်မှတ်ချက်များကို လိုက်နာ

ကြောင်း ကြေညာချက် (Declaration of Maritime Labour Compliance) တို့သည် ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်း၏ ၂၀၁၈ ပြင်ဆင်ချက်များ စတင်အာဏာ သက်ရောက်သည့် နေ့မှစ၍ အစောဆုံး ကြားကာလစစ်ဆေးခြင်း သို့မဟုတ် လက်မှတ်အသစ် လဲလှယ်ရန် စစ်ဆေးခြင်းများ ပြုလုပ်ရမည့်ရက်နေ့အထိ သက်တမ်းရှိစေရမည်။

၄။ ဤညွှန်ကြားချက်မိတ္တူကို အစစ်ဆေးခံနိုင်ရန် သင်္ဘောပေါ်တွင်ထားရှိရမည်။

ဒေါက်တာကိုကိုနိုင်
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ရညန/ညွှန်ကြားချက်/ ၅၅၁ ၄၈၁
ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်

**ဖြန့်ဝေခြင်း**

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံခြားသွားသင်္ဘောပိုင်ရှင်များအသင်း
ကမ်းရိုးတန်းသွားသင်္ဘောပိုင်ရှင်များအသင်း
မြန်မာနိုင်ငံကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များအသင်း

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်းအပိုင်း(၁)တွင်<br>ထည့်သွင်းကြေညာပေးပါရန်မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။ |

မိတ္တူကို

- ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊
- ပြည်ထောင်စုရှေ့နေချုပ်ရုံး၊
- ရုံးလက်ခံ။

# ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်း၊၂၀၀၆ နှင့် ယင်း၏ပြင်ဆင်ချက်

# ပင်လယ်ရေကြောင်းအလုပ်သမားသတ်မှတ်ချက်များကိုလိုက်နာကြောင်း ကြေညာချက်၊ အပိုင်း (၁)

*(ဤကြေညာချက်သည်သင်္ဘောများ၏ပင်လယ်ရေကြောင်းအလုပ်သမားဆိုင်ရာလက်မှတ်နှင့် ပူးတွဲထားရှိရမည်)*

## ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၏အခွင့်အာဏာအရထုတ်ပြန်ခြင်း

ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်း၊ ၂၀၀၆ နှင့် ယင်း၏ပြင်ဆင်ချက်ပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ အောက်တွင်ရည်ညွှန်းထားသည့် သင်္ဘောသည်

| သင်္ဘောအမည် | အပြည်ပြည်ဆိုင်ရာရေကြောင်း အဖွဲ့ချုပ်(IMO) တွင် မှတ်ပုံတင်ထားသောနံပါတ် | လုံးပေါင်းတန်ချိန် |
|---|---|---|
| | | |

ကွန်ဗင်းရှင်း၏ စံသတ်မှတ်ချက်အေ ၅.၁.၃ နှင့်အညီ ထားရှိရသည်။

အထက်တွင်ဖော်ပြထားသည့် အရည်အချင်းပြည့်မီသော အခွင့်အာဏာရှိသူကိုယ်စား အောက်တွင် လက်မှတ်ရေးထိုးထားသူ ကြေညာသည်မှာ–

(က) ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်း၊ ၂၀၀၆ နှင့် ယင်း၏ပြင်ဆင်ချက်ပါ ပြဋ္ဌာန်းချက်များကို နိုင်ငံတော်၏ လိုအပ်ချက်များတွင် အောက်ပါ ရည်ညွှန်းထားသည့်အတိုင်း အပြည့်အဝ ထည့်သွင်းဖော်ပြထားသည်။

(ခ) နိုင်ငံတော်၏ လိုအပ်ချက်များသည် အောက်ပါရည်ညွှန်းထားသည့် နိုင်ငံတော်၏ ပြဋ္ဌာန်းချက်များတွင် ပါဝင်ပြီး၊ ထိုပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းသည့် ရှင်းလင်းချက်များကို လိုအပ်သည့် နေရာများတွင် ပြဋ္ဌာန်းထားသည်။

(ဂ) ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်း၊ ၂၀၀၆နှင့် ယင်း၏ ပြင်ဆင်ချက်ပါ ပုဒ်မ ၆၊ စာပိုဒ် ၃ နှင့် ၄ အရ သိသာထင်ရှားသော တူညီမှုများ၏ အသေးစိတ် အချက်အလက်များကို ~~<နိုင်ငံတော်၏ လိုအပ်ချက်များ အောက်တွင်ရှိသော သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များအလိုက်>~~ <ဤရည်ရွယ်ချက် အတွက် အောက်ပါ ပုဒ်မတွင် ပြဋ္ဌာန်းထားသည်> (*မသက်ဆိုင်သောရေးသား ဖော်ပြချက်များကို ခြစ်ပစ်ရန်*)

(ဃ) ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်း၊ ၂၀၀၆ နှင့် ယင်း၏ ပြင်ဆင်ချက်ပါ ခေါင်းစဉ် ၃ နှင့်အညီ အရည်အချင်းပြည့်မီသော အခွင့်အာဏာရှိသူမှ ခွင့်ပြုထားသည့် ကင်းလွတ်ခွင့်များအား ဤရည်ရွယ်ချက်အတွက် ပြဋ္ဌာန်းထားသည်ကို အောက်ပါအပိုင်းတွင် ရှင်းလင်းစွာညွှန်ပြထားသည်။

(င) နိုင်ငံတော်၏ဥပဒေအရ သင်္ဘောအမျိုးအစားတစ်မျိုးမျိုး၏ သီးခြားလိုအပ်ချက်များကို အောက်ပါသက်ဆိုင်ရာလိုအပ်ချက်များတွင် ရည်ညွှန်းကိုးကားထားသည်။

**အငယ်ဆုံးရှိရမည့်အသက်** (စည်းမျဉ်း ၁.၁)

၁။ မြန်မာအလံလွှင့်ထူထားသည့် သင်္ဘောတစ်စီးပေါ်တွင် အလုပ်ခန့်အပ် သို့မဟုတ် ငှားရမ်းပြီး အလုပ်လုပ်ကိုင်နိုင်သူ၏ အငယ်ဆုံးရှိရမည့် အသက်မှာ ၁၈ နှစ် ဖြစ်သည်။

**ကျန်းမာရေးစစ်ဆေးမှုလက်မှတ်ထုတ်ပေးခြင်း** (စည်းမျဉ်း ၁.၂)

၂။ (က) သင်္ဘောပိုင်ရှင်က ၎င်းအလုပ်ခန့်အပ်ထားသည့် သင်္ဘောဝန်ထမ်းတစ်ဦးဦးသည် သင်္ဘောတစ်စီးစီးပေါ်တွင် စတင်အလုပ်လုပ်ကိုင်ခြင်းမပြုမီ သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ရန် ကျန်းမာရေးကောင်းမွန်ကြောင်းကို ထောက်ခံထားသည့် သက်တမ်းရှိ ကျန်းမာရေးစစ်ဆေးမှု လက်မှတ်တစ်ခုအား ကိုင်ဆောင် ထားသည်ကို သေချာစေရမည်။

(ခ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈ ဖြင့်ထုတ်ပြန်ခဲ့သော သင်္ဘောဝန်ထမ်းများ၏ ကျန်းမာရေးစစ်ဆေးခြင်းနှင့် သက်သေခံလက်မှတ်များအတွက် လမ်းညွှန်ချက် သို့မဟုတ် နောက်ဆက်တွဲ လမ်းညွှန်ချက်နှင့်အညီ သင်္ဘောဝန်ထမ်းများကို ဦးစီးဌာနက အတည်ပြုထားသည့် နိုင်ငံတော်အတွင်းရှိ ဆရာဝန်များမှ ကျန်းမာရေး သက်သေခံလက်မှတ်များ ထုတ်ပေးရမည်။

(ဂ) ဦးစီးဌာနသည် အောက်ဖော်ပြပါ ဆရာဝန်များက ထုတ်ပေးသည့် ကျန်းမာရေး သက်သေခံလက်မှတ်များကိုလည်း လက်ခံသည်-

(၁) အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) နှင့် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO) က ထုတ်ပြန်ထားသည့် သင်္ဘောဝန်ထမ်းများ အတွက် ကျန်းမာရေးကောင်းမွန်ကြောင်း စစ်ဆေးခြင်းဆိုင်ရာ လမ်းညွှန် ချက်များ (နောက်ဆက်တွဲ လမ်းညွှန်ချက်အပါအဝင်) နှင့် အပြည်ပြည် ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ် (ILO) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် (WHO) တို့မှ ထုတ်ပြန် ထားသော အခြားသက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ လမ်းညွှန်ချက် များအား အကျုံးဝင်ရှိသည့် ပင်လယ်ရေကြောင်းအလုပ်သမား

ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက အသိအမှတ်ပြုထားသည့် ဆရာဝန်တစ်ဦး၊ သို့မဟုတ်

(၂) ၁၉၇၈ ခုနှစ်၊ သင်္ဘောဝန်ထမ်းများလေ့ကျင့်ရေး၊ ကျွမ်းကျင်မှုလက်မှတ်ထုတ်ပေးရေးနှင့် အလုပ်ကျစောင့်ကြည့်စစ်ဆေးရေး တာဝန်ထမ်းဆောင်ရန် စံများသတ်မှတ်ထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် ယင်း၏ပြင်ဆင်ချက် (STCW ကွန်ဗင်းရှင်း) ပါ ပြဋ္ဌာန်းချက်များအား အပြည့်အဝအကျိုးသက်ရောက်မှုရှိကြောင်း လက်တွေ့ပြသပြီးသော STCW ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက အသိအမှတ်ပြုထားသည့် ဆရာဝန်တစ်ဦး။

(ဃ) ကျန်းမာရေးသက်သေခံလက်မှတ်တွင် ကျန်းမာရေးစစ်ဆေးသည့် နေ့မှစ၍ သတ်မှတ်ထားသော သက်တမ်းကာလကို ဖော်ပြရမည်။ ကျန်းမာရေးသက်သေခံလက်မှတ်၏ အများဆုံးသက်တမ်းကာလသည် ဓာတုဗေဒပစ္စည်း သယ်ဆောင်သည့် သင်္ဘောတွင် အလုပ်လုပ်ကိုင်သူ အပါအဝင် အသက် ၁၈ နှစ်မှ အသက် ၅၅ နှစ်အထိ သင်္ဘောဝန်ထမ်းအားလုံးအတွက် ၂ နှစ်နှင့် အသက် ၅၅ နှစ် အထက် သင်္ဘောဝန်ထမ်းများအတွက် ၁ နှစ်ထက် ကျော်လွန်ခြင်း မရှိစေရ။ အသိအမှတ်ပြုဆရာဝန်က သင်္ဘောဝန်ထမ်း၏ ကျန်းမာရေးအခြေအနေများအရ လက်မှတ်၏ သက်တမ်းကာလကို ၂ နှစ် အောက်လျှော့နည်း၍ ထုတ်ပေးနိုင်သည်။

(င) သင်္ဘောဝန်ထမ်း၏ ကျန်းမာရေးသက်သေခံလက်မှတ်သည် ပင်လယ်ရေကြောင်း အလုပ်သမားကွန်ဗင်းရှင်း၊ ၂၀၀၆ နှင့် ယင်း၏ပြင်ဆင်ချက်၏ စံသတ်မှတ်ချက် အေ ၁.၂ ပါ လိုအပ်ချက်များနှင့် ကိုက်ညီရမည်။

**သင်္ဘောဝန်ထမ်းများ၏အရည်အချင်း** (စည်းမျဉ်း၁.၃)

၃။ (က) သင်္ဘောတစ်စီးစီးပေါ်တွင် အလုပ်လုပ်ကိုင်နေသည့် သင်္ဘောဝန်ထမ်းတိုင်းသည် လေ့ကျင့်သင်ယူထားခြင်း သို့မဟုတ် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက် ရရှိထားခြင်း သို့မဟုတ် ၎င်းတို့၏တာဝန်များကို ဆောင်ရွက်နိုင်ရန် အရည်အချင်း ပြည့်မီခြင်းရှိရမည်။

(ခ) သင်္ဘောတစ်စီးစီးပေါ်တွင် အလုပ်လုပ်ကိုင်နေသည့် သင်္ဘောဝန်ထမ်းတိုင်းသည် သင်္ဘောပေါ်တွင် တစ်ကိုယ်ရေ ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းကို အောင်မြင်စွာ လေ့ကျင့်သင်ယူပြီးဖြစ်ရမည်။

(ဂ) သင်္ဘောပိုင်ရှင်များသည် သင်္ဘောဝန်ထမ်းများကို အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO) က ချမှတ်ကျင့်သုံးထားသည့် မဖြစ်မနေ လိုက်နာရမည့် စာချုပ်စာတမ်းများနှင့်အညီ လေ့ကျင့်သင်ယူထားခြင်းနှင့် ထောက်ခံချက်လက်မှတ်တို့ကို အထက်ပါ အပိုဒ်ခွဲ (က) နှင့် (ခ) ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် ထည့်သွင်းစဉ်းစားရမည်။

**သင်္ဘောဝန်ထမ်းများအလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်**(စည်းမျဉ်း၂.၁)

၄။ (က) သင်္ဘောတစ်စီးစီးပေါ်တွင် အလုပ်လုပ်ကိုင်နေသည့် သင်္ဘောဝန်ထမ်းတိုင်း၌ သင်္ဘောဝန်ထမ်းများ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်မူရင်း တစ်ခုရှိရမည်ဖြစ်ပြီး ထိုစာချုပ်တွင် သင်္ဘောဝန်ထမ်းနှင့် သင်္ဘောပိုင်ရှင် သို့မဟုတ် သင်္ဘောပိုင်ရှင်၏ ကိုယ်စားလှယ်တို့က လက်မှတ်ရေးထိုးထားရမည် သို့မဟုတ် ၎င်းတို့သည် အလုပ်သမားများ မဟုတ်ခဲ့လျှင် စာချုပ်အထောက်အထား သို့မဟုတ် တူညီသောအစီအမံများ ရှိရမည်ဖြစ်ပြီး ဤကွန်ဗင်းရှင်း၏ လိုအပ်ချက်အရ သင်္ဘောပေါ်တွင် သင့်တင့်လျောက်ပတ်သော အလုပ်နှင့် နေထိုင်မှု အခြေအနေများကို ထောက်ပံ့ပေးထားရမည်။

(ခ) သင်္ဘောဝန်ထမ်းတိုင်းသည် လက်မှတ်ရေးထိုးခြင်းမပြုမီ သင်္ဘောဝန်ထမ်းများ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါ စည်းကမ်းချက်များကို စစ်ဆေးခွင့်နှင့် အကြံဉာဏ်ရယူခွင့်ရှိရမည့်အပြင် အခြားသောခံစားခွင့် အခြေအနေများကိုလည်း သင်္ဘောဝန်ထမ်းများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများအပေါ် ပြည့်စုံစွာ သိရှိနားလည်ခြင်းဖြင့် သဘောတူစာချုပ်တွင် လွတ်လပ်စွာ ထည့်သွင်းနိုင်စေရမည်။

(ဂ) သင်္ဘောပိုင်ရှင်သည် အလုပ်ခန့်ထားခြင်းနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များကို ရှင်းလင်းစွာဖော်ပြထားသော သင်္ဘောဝန်ထမ်းတစ်ဦးချင်းနှင့် ချုပ်ဆိုထားသည့် သင်္ဘောဝန်ထမ်းများ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် မိတ္တူတစ်စုံစီကို ရေယာဉ်မှူးအပါအဝင် သင်္ဘောဝန်ထမ်းက လွယ်ကူစွာရယူနိုင်ရန်နှင့် ဆိပ်ကမ်း

များတွင် စစ်ဆေးခွင့်ရှိသော သက်ဆိုင်ရာ အရည်အချင်းပြည့်မီသော အခွင့်အာဏာရှိသည့် အရာရှိတစ်ဦးက ပြန်လည်သုံးသပ်နိုင်ရန်အတွက် သင်္ဘောပေါ်တွင်သေချာစွာထားရှိရမည်။

(ဃ) သင်္ဘောပိုင်ရှင်သည် သင်္ဘောဝန်ထမ်းများအား သင်္ဘောဝန်ထမ်း သက်သေခံမှတ်တမ်းစာအုပ်ကဲ့သို့သော အလုပ်ခန့်ထားခြင်းမှတ်တမ်းဝင်သည့် စာရွက်စာတမ်းအထောက်အထားတစ်ခုကို သေချာစွာပေးအပ်ရမည်ဖြစ်ပြီး အဆိုပါ စာရွက်စာတမ်း အထောက်အထားတွင် သင်္ဘောဝန်ထမ်း၏ ရာထူးအဆင့်အတန်းသို့မဟုတ် လုပ်ခနှင့် စပ်လျဉ်းသော အချက်အလက်များ မပါရှိစေရ။

(င) မြန်မာအလံလွှင့်ထူထားသည့် သင်္ဘောများပေါ်တွင် ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်း၊ ၂၀၀၆ နှင့် ယင်း၏ပြင်ဆင်ချက်၏ စံသတ်မှတ်ချက် အေ ၂.၁ ပါလိုအပ်ချက်များကို ထည့်သွင်းထားသော သင်္ဘောဝန်ထမ်းများအလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်ကို ဦးစီးဌာနမှ သတ်မှတ်ထားသည့်ပုံစံဖြင့် အသုံးပြုရမည်။

(စ) သင်္ဘောဝန်ထမ်းများ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို စောစီးစွာရပ်စဲခြင်းအတွက် အကြောင်းကြားရမည့်ကာလသည် အနည်းဆုံး ၇ ရက်အောက်လျော့နည်းခြင်းမရှိစေရမည် ဖြစ်သော်လည်း စံသတ်မှတ်ချက်အေ ၂.၁.၆ အရ အချိန် ကပ်၍တင်ပြသော အကြောင်းကြားစာအတွက် ကိုယ်ရေးကိုယ်တာကိစ္စရပ်များ သို့မဟုတ် အခြားအရေးကြီးသော ကိစ္စရပ်များအတွက်ဖြစ်ပါက ပြစ်ဒဏ် မသတ်မှတ်ဘဲ ခွင့်ပြုရမည်။

(ဆ) စုပေါင်းတောင်းဆိုညှိနှိုင်းသဘောတူစာချုပ်ကို သင်္ဘောဝန်ထမ်းများအလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် သင့်လျော်သလို ပူးတွဲထားရှိရမည်။

(ဇ) သင်္ဘောပိုင်ရှင်သည် သင်္ဘောဝန်ထမ်း၏ ကိုယ်ရေးကိုယ်တာကိစ္စရပ်များ သို့မဟုတ် အခြားအရေးပေါ်ကိစ္စရပ်များကြောင့် အချိန်ကပ်၍တင်ပြသော အကြောင်းကြားစာကိုဖြစ်စေ၊ အကြောင်းကြားစာမပေးဘဲဖြစ်စေ၊ သင်္ဘောဝန်ထမ်းများအလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ရပ်စဲခြင်းကို နစ်နာမှုကြေးဖြစ်စေ၊ ဒဏ်ကြေးဖြစ်စေ၊ အမြန်ကြေးဖြစ်စေ မပါဘဲခွင့်ပြုရမည်။

(ဈ) ပင်လယ်ဓါးပြမှုကြောင့် သော်လည်းကောင်း၊ လက်နက်ကိုင် လုယက်မှုကြောင့် သော်လည်းကောင်း သင်္ဘောပေါ်တွင်ဖြစ်စေ သို့မဟုတ် သင်္ဘောပေါ်မဟုတ်သော အခြားနေရာတွင်ဖြစ်စေ သင်္ဘောဝန်ထမ်းအား ဖမ်းဆီးထိန်းသိမ်းခံရခြင်းကြောင့် သင်္ဘောဝန်ထမ်းများ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်သည် သက်တမ်း ကျော်လွန်သွားခြင်း သို့မဟုတ် အလုပ်ရှင်နှင့် သင်္ဘောဝန်ထမ်း တဖက်ဖက်မှ စာချုပ်အား ရပ်ဆိုင်းရန် သဘောတူထားသည့် ရက်ကျော်လွန်သွားခြင်း ဖြစ်စေကာမူ ၎င်းစာချုပ်သည် ပျက်ပြယ်သွားခြင်း မရှိစေဘဲ အကျိုးသက်ရောက်မှု ဆက်လက်ရှိစေရမည်။

ဤအပိုဒ်၏ ရည်ရွယ်ချက်အတွက်-

(၁) **ပင်လယ်ဓါးပြမှု** ဆိုသည်မှာ ၁၉၈၂ ခုနှစ်၊ ကုလသမဂ္ဂ ပင်လယ်ပြင်ဥပဒေဆိုင်ရာကွန်ဗင်းရှင်းတွင် ဖွင့်ဆိုထားသည့် အနက်အဓိပ္ပါယ်အတိုင်းပင် ဖြစ်သည်။

(၂) **လက်နက်ကိုင်လုယက်မှု** ဆိုသည်မှာ ပင်လယ်ဓါးပြ ပြုလုပ်ခြင်းမှလွဲ၍ ဥပဒေနှင့် ဆန့်ကျင်သည့် ကြမ်းကြုတ်သော အပြုအမူတစ်ခုခု သို့မဟုတ် ဖမ်းဆီးအကျဉ်းချထားမှု သို့မဟုတ် ထိခိုက်ပျက်စီးစေသောအပြုအမူ တစ်ခုခု သို့မဟုတ် ထိုသို့သော အခြေအနေဖြစ်စေရန် ခြိမ်းခြောက်ခြင်းတို့ဖြင့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင် ရေပြင်၊ ပိုင်နက်ပင်လယ်နှင့်ကျွန်းစုရေပြင်အတွင်း သင်္ဘော သို့မဟုတ် သင်္ဘောပေါ်မှ လူပုဂ္ဂိုလ်များ သို့မဟုတ် သင်္ဘောပေါ်မှပစ္စည်းများအား ကိုယ်ရေးကိုယ်တာအတွက် တိုက်ရိုက်ကျူးလွန်ခြင်း သို့မဟုတ် အထက်ဖော်ပြပါ အပြုအမူများအား ကျူးလွန်ရန် လှုံ့ဆော်ခြင်း သို့မဟုတ် ရည်ရွယ်ချက်ရှိရှိဖြင့် ပံ့ပိုးပေးခြင်းတို့ဖြစ်သည်။

(ည) သင်္ဘောဝန်ထမ်းများ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်နှင့် စုပေါင်းတောင်းဆိုညှိနှိုင်းသဘောတူစာချုပ်တို့သည် အင်္ဂလိပ်ဘာသာဖြင့် မဟုတ်ခဲ့လျှင် အင်္ဂလိပ်ဘာသာပြန်ဆိုပြီး သင်္ဘောပေါ်တွင်ထားရှိရမည်။

**လိုင်စင်ရ သို့မဟုတ် လက်မှတ်ရ သို့မဟုတ် စည်းကမ်းနှင့် ကိုက်ညီသော ပုဂ္ဂလိက သင်္ဘောဝန်ထမ်းစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှုကိုယ်စားလှယ် လုပ်ငန်းကို အသုံးပြုခြင်း** (စည်းမျဉ်း၁.၄)

၅။ (က) "သင်္ဘောဝန်ထမ်းစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှု ကိုယ်စားလှယ်လုပ်ငန်း" ဆိုသည်မှာ သင်္ဘောပိုင်ရှင်ကိုယ်စား သင်္ဘောဝန်ထမ်းများ စုဆောင်းခြင်း သို့မဟုတ် သင်္ဘောပိုင်ရှင်နှင့်အတူ သင်္ဘောဝန်ထမ်းများ အလုပ်နေရာချထားခြင်းတွင် ပါဝင်သော အခြားပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ တတ်သိနားလည်သော အဖွဲ့၊ ကိုယ်စားလှယ်လုပ်ငန်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။

(ခ) နိုင်ငံတော်ရှိ သင်္ဘောဝန်ထမ်းစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှုကိုယ်စားလှယ်လုပ်ငန်းအားလုံးသည် ဦးစီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၇ (နောက်ဆက်တွဲလမ်းညွှန်ချက် အပါအဝင်) အရ သင်္ဘောဝန်ထမ်း အလုပ်အကိုင်ဝန်ဆောင်မှုလိုင်စင်ကို လျှောက်ထားရယူရမည်။

(ဂ) ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများတွင် အခြေစိုက်ပြီး ထိုနိုင်ငံများမှ လိုင်စင်ထုတ်ပေးထားသော သင်္ဘောဝန်ထမ်း စုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှုကိုယ်စားလှယ်လုပ်ငန်းများကိုလည်း ဦးစီးဌာနက အသိအမှတ်ပြုမည်။

(ဃ) သင်္ဘောပိုင်ရှင်သည် ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်းအဖွဲ့ဝင် မဟုတ်သည့် နိုင်ငံများတွင် တည်ရှိသည့် သင်္ဘောဝန်ထမ်းစုဆောင်းခြင်းနှင့် အလုပ် နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှုကိုယ်စားလှယ်လုပ်ငန်းများကို အသုံးပြုသည့် အခါ ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်း၊ ၂၀၀၆ ပါ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် တတ်နိုင်သမျှ သေချာအောင်ဆောင်ရွက်ရမည်။

(င) သင်္ဘောပိုင်ရှင်သည် ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်း အဖွဲ့ဝင် မဟုတ်သည့် နိုင်ငံများတွင် တည်ရှိသည့် သင်္ဘောဝန်ထမ်းစုဆောင်းခြင်းနှင့် အလုပ် နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှုကိုယ်စားလှယ်လုပ်ငန်းများကို စစ်ဆေးရန် ဦးစီးဌာနမှ အခွင့်အာဏာလွှဲအပ်ထားသော အသိအမှတ်ပြုအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် သင်္ဘောပိုင်ရှင်၏ ဌာနတွင်းလုပ်ငန်းစစ်ဆေးမှု ယန္တရားစနစ်ဖြင့် ဆောင်ရွက်နိုင်သည်။ သင်္ဘောပိုင်ရှင်သည် ဦးစီးဌာန၏ အသိအမှတ်ပြုအဖွဲ့အစည်း

တစ်ခုခုက စစ်ဆေးခဲ့ပြီးသော သင်္ဘောဝန်ထမ်းစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှုကိုယ်စားလှယ်လုပ်ငန်းကိုလည်း အသုံးပြုနိုင်သည်။ သင်္ဘောပိုင်ရှင်သည် ထိုငှားရမ်းထားသော သင်္ဘောဝန်ထမ်းစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှုကိုယ်စားလှယ် လုပ်ငန်းများကို ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်း၊ ၂၀၀၆ နှင့် ယင်း၏ပြင်ဆင်ချက်၏ စံသတ်မှတ်ချက် အေ ၁.၄ ပါ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် သေချာအောင် ဆောင်ရွက်ရမည်။

(စ) သင်္ဘောပိုင်ရှင်များ သို့မဟုတ် သင်္ဘောဝန်ထမ်းစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှုကိုယ်စားလှယ်လုပ်ငန်း လုပ်ကိုင်သူများသည် အောက်ပါအချက်များကိုဆောင်ရွက်ခြင်းမပြုရ–

(၁) သင်္ဘောဝန်ထမ်းမှ လုပ်ကိုင်နိုင်သော အလုပ်ခန့်ထားခံရခြင်း အခွင့်အရေး မရရှိစေနိုင်ရန် ရည်ရွယ်တားဆီးသောသဘောဖြင့် နာမည်ပျက်စာရင်းသွင်းခြင်းကဲ့သို့ စာရင်းများ၊ လုပ်နည်းလုပ်ဟန်များ၊ နည်းလမ်းများအသုံးပြုခြင်း၊

(၂) သင်္ဘောဝန်ထမ်းနိုင်ငံ၏ ကျန်းမာရေးစစ်ဆေးမှုလက်မှတ်၊ သင်္ဘောဝန်ထမ်း စာအုပ်နှင့် နိုင်ငံကူးလက်မှတ် သို့မဟုတ် အလားတူ ခရီးသွားလာခြင်းဆိုင်ရာစာရွက်စာတမ်းများ ရယူခြင်းအတွက် ငွေကြေးကုန်ကျခြင်းများနှင့် သင်္ဘောပိုင်ရှင်မှကျခံသော ပြည်ဝင်ခွင့်အတွက် အခကြေးငွေမှလွဲ၍ သင်္ဘောဝန်ထမ်း အလုပ်ခန့်ထားခြင်းအတွက် သင်္ဘောဝန်ထမ်းထံမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ငွေကြေးတောင်းခံခြင်း။

**အလုပ်ချိန် သို့မဟုတ် နားနေချိန်** (စည်းမျဉ်း၂.၃)

၆။ (က) သင်္ဘောပိုင်ရှင်သည် သင်္ဘောပေါ်ရှိ သင်္ဘောဝန်ထမ်းတိုင်းအား နားနေချိန်ရရှိစေရန်သေချာအောင်ဆောင်ရွက်ရမည့်အပြင် နားနေချိန်သည် ၂၄ နာရီ ကာလအပိုင်းအခြားတစ်ခုအတွင်းတွင် ၁၀ နာရီ နှင့် ၇ ရက် ကာလ အပိုင်းအခြားတစ်ခုအတွင်းတွင် ၇၇ နာရီအောက် လျော့နည်းခြင်းမရှိစေရ။ နားနေချိန်ကို အနည်းဆုံး ကာလအပိုင်းအခြားနှစ်ခုထက်မပိုဘဲ ခွဲခြားထားနိုင်ပြီး ကာလအပိုင်းအခြားတစ်ခုသည် အနည်းဆုံး ၆ နာရီ ကြာချိန်ရှိရမည်ဖြစ်ပြီး အစဉ်လိုက်

အနားယူသည့် ကာလအပိုင်းအခြားနှစ်ခု၏ ကြားကာလသည် ၁၄ နာရီထက် ကျော်လွန်ခြင်း မရှိစေရ။

(ခ) သင်္ဘောဝန်ထမ်းနှင့်သင်္ဘောပိုင်ရှင်တို့အကြား ချုပ်ဆိုသော စုပေါင်းတောင်းဆို ညှိနှိုင်းသဘောတူစာချုပ် သို့မဟုတ် အခြားသဘောတူစာချုပ်တစ်ခုခုတွင် အလုပ်ညွှန်ကြား စောင့်ကြပ်မှုတာဝန်အတွက် STCW ကွန်ဗင်းရှင်းအရ လက်မှတ် ထုတ်ပေးထားသော အလုပ်ညွှန်ကြားစောင့်ကြပ်စစ်ဆေးရေး တာဝန်ယူသည့် သင်္ဘော ဝန်ထမ်းများအတွက် အပိုဒ်ခွဲ (က) ပါ လိုအပ်သော နားနေချိန်ကို အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်ကိုက်ညီလျှင် ခြွင်းချက်များ ခွင့်ပြုပေးနိုင်သည်-

(၁) နားနေချိန်သည် ၂၄ နာရီ ကာလအပိုင်းအခြားတစ်ခုအတွင်းတွင် ၁၀ နာရီ နှင့် ၇ ရက် ကာလအပိုင်းအခြားတစ်ခုအတွင်းတွင် ၇၀ နာရီအောက် လျော့နည်းခြင်းမရှိစေရ။ အဆိုပါခြွင်းချက်ကို နှစ်ပတ်ဆက်တိုက်ထက်ပိုပြီး ခွင့်မပြုပါ။ သင်္ဘောပေါ်တွင် ခြွင်းချက်ပေးသောကာလအပိုင်းအခြား နှစ်ခု ၏ကြားကာလသည် ခွင့်ပြုထားသောခြွင်းချက်၏ နှစ်ဆအောက် လျော့နည်း ခြင်းမရှိစေရ။

(၂) အနည်းဆုံး နားနေချိန်ကို ကာလအပိုင်းအခြားသုံးခုထက်မပိုဘဲ ခွဲခြား နိုင်သည်။ ကာလအပိုင်းအခြားတစ်ခုသည် အနည်းဆုံး ၆ နာရီ ကြာချိန် ရှိရမည်ဖြစ်ပြီး အခြား ကာလအပိုင်းအခြားနှစ်ခုသည် တစ်ခုလျှင် ကြာချိန် ၁ နာရီအောက် လျော့နည်းခြင်း မရှိစေရ။ အစဉ်လိုက်အနားယူသည့် ကာလ အပိုင်းအခြားနှစ်ခု၏ ကြားကာလသည် ၁၄ နာရီထက် ကျော်လွန်ခြင်း မရှိစေရ။ ၇ ရက် ကာလအပိုင်းအခြားတစ်ခုအတွင်း ခြွင်းချက်ပေးရာတွင် မည်သည့် ၂၄ နာရီမဆို နှစ်ကြိမ်ထက် မပိုစေရ။

(၃) ခြွင်းချက်များပေးရာတွင် STCW ကွန်ဗင်းရှင်း၏ ကုဒ် ဘီ (CODE B) ၌ သတ်မှတ်ထားသော ပင်ပန်းနွမ်းနယ်မှုကို ကာကွယ်ခြင်းအတွက် လမ်းညွှန် ချက်အား ထည့်သွင်းစဉ်းစားရမည်။

(၄) ခရီးတိုသွားသင်္ဘောများပေါ်တွင် အလုပ်လုပ်နေသော စောင့်ကြည့်တာဝန် ထမ်းဆောင်သည့် သင်္ဘောဝန်ထမ်းများ သို့မဟုတ် သင်္ဘောဝန်ထမ်းများ အတွက် ခြွင်းချက်များအနေဖြင့် ခွင့်ပေးသောအခါတွင် မကြာခဏ

သို့မဟုတ် ခွင့်ရက်ရှည် သို့မဟုတ် အစားထိုးခွင့်ရက်များစုဆောင်း၍ ပေးရန် ထည့်သွင်းစဉ်းစားရမည်။

(ဂ) သင်္ဘောဝန်ထမ်းနှင့် သင်္ဘောပိုင်ရှင်တို့အကြား သက်ဆိုင်သော စုပေါင်းတောင်းဆို ညှိနှိုင်းသဘောတူစာချုပ် သို့မဟုတ် အခြားသဘောတူစာချုပ်တစ်ခုခုပါ ပြဋ္ဌာန်းချက်များတွင် ခရီးတိုသွားသင်္ဘော၏ သင်္ဘောဝန်ထမ်းများအားလုံးအတွက် အပိုဒ်ခွဲ (က) ပါ လိုအပ်သော နားနေချိန်မှအပ ခြွင်းချက်များပေးနိုင်သည်။ (ဤစာပိုဒ်အရ "ခရီးတို" ဆိုသည်မှာ ၂၄ နာရီကာလအတွင်း သင်္ဘောသည် ဆိပ်ကမ်းနှစ်ခု သို့မဟုတ် နှစ်ခုထက်ပို၍ ဆိုက်ကပ်သော ဆိပ်ကမ်း သို့မဟုတ် ကုန်စည်တင်သော သို့မဟုတ် ချသောနေရာ သို့မဟုတ် ခရီးသည်တင်ခြင်း သို့မဟုတ် ဆင်းခြင်းများ ပြုလုပ်သော ခရီးစဉ်ကို ဆိုသည်။ ၂၄ နာရီ ကာလကို ခရီးတိုစတင်သော ဆိပ်ကမ်း သို့မဟုတ် နေရာတို့၌ ပထမဆုံးဆိုက်ကပ်သည့် အချိန်မှစတင်ရမည်။) ယခုခြွင်းချက်များသည် အထက်ပါ အပိုဒ်ခွဲ (ခ) တွင် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များနှင့်လည်း ကိုက်ညီရမည်။

(ဃ) အပိုဒ်ခွဲ (ခ) နှင့် (ဂ) တို့တွင် ရည်ညွှန်းထားသော လိုအပ်သည့် နားနေချိန်မှ ခွင့်ပြုထားသည့် ခြွင်းချက်များပါ ပြဋ္ဌာန်းချက်များကို ဦးစီးဌာနတွင် မှတ်တမ်းတင်ရမည်။

(င) ပင်လယ်ရေကြောင်းအလုပ်သမား သတ်မှတ်ချက်များကို လိုက်နာကြောင်း ကြေညာချက် အပိုင်း (၁) ၏ ပြဋ္ဌာန်းချက်များအရ–

(၁) **အလုပ်ချိန်** ဆိုသည်မှာ သင်္ဘောနှင့်စပ်လျဉ်းသော အလုပ်များကို သင်္ဘောဝန်ထမ်းက လုပ်ဆောင်နေသော ကာလကိုဆိုလိုသည်။

(၂) **နားနေချိန်** ဆိုသည်မှာ သင်္ဘောဝန်ထမ်းက အလုပ်ချိန်မှအပ လွတ်လပ်စွာ နေထိုင်သော လှုပ်ရှားဆောင်ရွက်သော ကာလကိုဆိုသည်။ အလုပ်လုပ်ချိန် အတွင်း အချိန်တိုနားနေချိန် သို့မဟုတ် စားသောက်သည့်ကာလကို နားနေချိန်အဖြစ် သတ်မှတ်ခြင်းမပြုရ။

(စ) သင်္ဘောပိုင်ရှင်သည် သင်္ဘောဝန်ထမ်းများ၏ နေ့စဉ်နားနေချိန်နှင့် သင်္ဘောပေါ်တွင် ထားရှိရသော အလုပ်အစီအစဉ်တို့ကို မှတ်တမ်းပြုစုရာတွင် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO) နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) တို့က လမ်းညွှန်ထုတ်ပြန်ထားသည့် သင်္ဘောဝန်ထမ်းများ သင်္ဘောပေါ်တွင် ထားရှိ

ရသော အလုပ်လုပ်ကိုင်မှု အစီအမံဇယားနှင့် သင်္ဘောဝန်ထမ်းများ၏ အလုပ်ချိန်နှင့် နားနေချိန်မှတ်တမ်းပုံစံများပါအတိုင်း လုပ်ငန်းသုံးဘာသာစကား သို့မဟုတ် သင်္ဘောပေါ်တွင် အသုံးပြုသည့် ဘာသာစကားနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ပြင်ဆင်ပြုစုပြီး သင်္ဘောပေါ်တွင် မြင်သာသောနေရာ၌ ပြသရမည်။

(ဆ) အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများတွင် ပါဝင်ပြီးသော ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် အရေးပေါ်စုဝေးခြင်း၊ မီးသတ်ခြင်းနှင့် အသက်ကယ်လှေလေ့ကျင့်ခန်းများကို ဆောင်ရွက်ရာတွင် နားနေချိန်ကာလကို အနှောင့်အယှက်ဖြစ်မှု အနည်းဆုံးဖြစ်စေပြီး၊ ပင်ပန်းနွမ်းနယ်မှုမဖြစ်စေရန် ဆောင်ရွက်ရမည်။

(ဇ) မည်သည့်အကြောင်းအကြောင့်ဖြစ်စေ ရေကြောင်းသွားလာမှုဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သင်္ဘောအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးတို့နှင့် သက်ဆိုင်သည့်လုပ်ငန်းများအား ထမ်းဆောင်နေသည့် သင်္ဘောဝန်ထမ်းများအတွက် အထူးသဖြင့် ပင်ပန်းနွမ်းနယ်မှုကြောင့် ပေါ်ပေါက်စေသည့်အန္တရာယ်ကို ထည့်သွင်းစဉ်းစားရမည်။

(ဈ) သင်္ဘော၊ သင်္ဘောဝန်ထမ်းများနှင့် တင်ဆောင်လာသော ကုန်စည်များ၏ လတ်တလော ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပင်လယ်ပြင်၌ ဘေးဒုက္ခရောက်နေသော အခြားသင်္ဘော သို့မဟုတ် လူပုဂ္ဂိုလ်များအတွက် ကူညီကယ်ဆယ်ရေးတို့အတွက် ရေယာဉ်မှူးမှ လိုအပ်လာပါက အထက်ဖော်ပြပါ အပိုဒ်ခွဲ (က) မှ (ဇ) ထိ ဖော်ပြထားသော နားနေချိန်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပယ်လပ်နိုင်သည်။ ထိုသို့သော အခြေအနေများ ကြုံတွေ့ခဲ့ပါက ရေယာဉ်မှူးမှ အလုပ်ချိန်နှင့် စပ်လျဉ်း၍ သင်္ဘောဝန်ထမ်း ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိ လုပ်ကိုင်နိုင်သည်အထိ အလုပ်ချိန် သို့မဟုတ် နားနေချိန် အစီအမံများကို ရပ်နားထားနိုင်သည်။ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိ လုပ်ကိုင်နိုင်သည်နှင့်တစ်ပြိုင်နက် နားနေချိန်ကာလအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော မည်သည့်သင်္ဘောဝန်ထမ်းမဆို လုံလောက်သောနားနေချိန်ရရှိကြောင်း ရေယာဉ်မှူးမှသေချာစေရမည်ဖြစ်သည်။

**ကျွမ်းကျင်မှုလက်မှတ်အရ ထားရှိရမည့် သင်္ဘောဝန်ထမ်းအရေအတွက်** (စည်းမျဉ်း၂.၇)

၇။ သင်္ဘောပိုင်ရှင်သည် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်စွဲဖြင့် ခေတ်ကာလနှင့်အညီ ဦးစီးဌာနမှ ပြင်ဆင်ထုတ်ပြန်ထားသည့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးတို့အတွက် လိုအပ်ချက်ဆိုင်ရာ ညွှန်ကြားချက် ၁၅/၂၀၁၈ (နောက်ဆက်တွဲ ညွှန်ကြားချက်များအပါအဝင်) ကို

သေချာစွာလိုက်နာရမည်။ သင်္ဘောကို အခြေအနေအားလုံး၌ ဘေးအန္တရာယ်ကင်းရှင်းပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှု သေချာစေရန်လည်းကောင်း၊ လုံခြုံစွာဆောင်ရွက်နိုင်မှု သေချာစေရန် လည်းကောင်း၊ သင်္ဘော၏ အရွယ်အစားနှင့် အရည်အချင်းသတ်မှတ်ချက်များကို လိုက်၍လည်းကောင်း၊ လုံလောက်သော သင်္ဘောဝန်ထမ်းအရေအတွက်ကို ထားရှိရမည်။

**နေရာထိုင်ခင်း** (စည်းမျဉ်း၃.၁)

၈။ (က) ၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်နေ့ သို့မဟုတ် ယင်းနေ့နောက်ပိုင်းတွင် တည်ဆောက်ထားသော သင်္ဘောများသည် ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်း၊ ၂၀၀၆ နှင့် ယင်း၏ပြင်ဆင်ချက်ပါ စံသတ်မှတ်ချက် အေ ၃.၁ ပါ လိုအပ်ချက်များနှင့် အညီ လိုက်နာရမည်။

(ခ) ၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်နေ့မတိုင်မီက တည်ဆောက်သောသင်္ဘောများသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) ၏ သင်္ဘောဝန်ထမ်းများအတွက် နေရာထိုင်ခင်းဆိုင်ရာကွန်ဗင်းရှင်း (၁၉၄၉ အမှတ်-၉၂) သို့မဟုတ် (ထပ်မံဖြည့်စွက်ထားသည့်ပြဋ္ဌာန်းချက်များ) (အမှတ်-၁၃၃)ကို သင့်လျော်သလိုလိုက်နာရမည်။

(ဂ) သင်္ဘောဝန်ထမ်းများ နေရာထိုင်ခင်း သန့်ရှင်းရေး၊ သင့်တင့်လျောက်ပတ်စွာ နေထိုင်ရေးနှင့် ကောင်းမွန်သည့်အခြေအနေများ ပြုပြင်ထိန်းသိမ်းထားရေးတို့ကို သေချာမှုရှိစေရန် ရေယာဉ်မှူး သို့မဟုတ် ရေယာဉ်မှူး၏ အခွင့်အာဏာဖြင့် ၇ ရက် ထက်မကျော်လွန်သော ကာလအပိုင်းအခြားအလိုက် စစ်ဆေးခြင်းကို စာရွက်စာတမ်း အထောက်အထားဖြင့် သင်္ဘောပေါ်တွင်ထားရှိဆောင်ရွက်ရမည်။

**သင်္ဘောပေါ်ရှိအပန်းဖြေခြင်းဆိုင်ရာအခွင့်အရေး** (စည်းမျဉ်း ၃.၁)

၉။ (က) သင်္ဘောပိုင်ရှင်သည် အပန်းဖြေခြင်းဆိုင်ရာ အခွင့်အရေး၊ ဖျော်ဖြေရေးနှင့် ဝန်ဆောင် ခြင်းတို့ကို သင်္ဘောပေါ်တွင်နေထိုင်အလုပ်လုပ်ကိုင်နေသော သင်္ဘောဝန်ထမ်းများ အတွက် သင့်လျော်အဆင်ပြေစေရန် ပင်လယ်ရေကြောင်း အလုပ်သမား ကွန်ဗင်းရှင်း၊ ၂၀၀၆ နှင့် ယင်း၏ပြင်ဆင်ချက်ပါ စည်းမျဉ်း ၄.၃ နှင့် စံသတ်မှတ်ချက် အေ ၄.၃ အရ လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိရမည်။

(ခ) သင်္ဘောပိုင်ရှင်သည် ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်း၊ ၂၀၀၆ နှင့် ယင်း၏ပြင်ဆင်ချက်ပါ လိုအပ်ချက်များကို မထိခိုက်စေဘဲ ယင်းအပိုင်း (ခ) ပါ

လမ်းညွှန်ချက်များကို ထည့်သွင်းစဉ်းစား၍ တယ်လီဖေးရှင်း၊ ဖတ်ရန်စာအုပ်များနှင့် အပန်းဖြေအားကစားမှုများအတွက် နေရာများကို အခြေခံလိုအပ်ချက် တစ်ခုအဖြစ် ဖြည့်ဆည်းထောက်ပံ့ပေးရမည်။ သင်္ဘောဝန်ထမ်းများ အသုံးပြုရန် သင်္ဘောပေါ်မှ ကမ်းခြေသို့ တယ်လီဖုန်းဆက်သွယ်ခြင်းနှင့် အီးမေးလ်၊ အင်တာနက်ဝန်ဆောင်မှု တို့ကို ထိုက်သင့်သောအခကြေးငွေဖြင့် အသုံးပြုခွင့်ပေးရမည်။

(ဂ) သင်္ဘောပိုင်ရှင်မှ အပန်းဖြေခြင်းဆိုင်ရာ အခွင့်အရေးနှင့် ဝန်ဆောင်ခြင်းတို့သည် နည်းပညာအရသော်လည်းကောင်း၊ လုပ်ငန်းဆောင်တာအရသော်လည်းကောင်း၊ ရေကြောင်းလုပ်ငန်းရှိ တိုးတက်ပြောင်းလဲလာသော အခြေအနေရသော် လည်းကောင်း သင်္ဘောဝန်ထမ်းများ၏ လိုအပ်ချက်၊ ကိုက်ညီမှုတို့နှင့်တစ်ပြေးညီ ပြောင်းလဲလာမှုများနှင့် သင့်တင့်လျောက်ပတ်ကြောင်းကို မကြာမကြာအကဲဖြတ် သုံးသပ်ရမည်။

**စားနပ်ရိက္ခာနှင့်အစားအသောက်ကျွေးမွေးခြင်း** (စည်းမျဉ်း၃.၂)

၁၀။(က) သင်္ဘောတိုင်းတွင် သင်္ဘောဝန်ထမ်းအသီးသီး၏ မတူညီသည့် ယဉ်ကျေးမှုနှင့် ဘာသာရေးနောက်ခံများ၊ ခရီးစဉ်၏ သဘောသဘာဝနှင့် ကြာမြင့်ချိန်တို့ကို ထည့်သွင်းစဉ်းစားပြီး သင့်လျော်သည့် အရည်အသွေးအမျိုးအမည် အစုံအလင်၊ အာဟာရပြည့်ဝခြင်းတို့ ပြည့်စုံပြီး၊ လုံလောက်သောပမာဏရှိသည့် စားနပ်ရိက္ခာနှင့် သောက်သုံးရေကို အခကြေးငွေမယူဘဲ သင်္ဘောဝန်ထမ်းများအတွက် အခမဲ့ ဖြည့်ဆည်း ထောက်ပံ့ပေးရမည်။

(ခ) သင်္ဘောရှိ အစားအသောက်ကျွေးမွေးခြင်းနှင့်ဆိုင်သော အဖွဲ့နှင့် အသုံးအဆောင် များသည် သင်္ဘောဝန်ထမ်းများအတွက် လုံလောက်သော၊ အမျိုးမျိုးသော၊ အာဟာရဓာတ်ပြည့်ဝသော စားနပ်ရိက္ခာ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ပြင်ဆင် ကျွေးမွေးနိုင်ရန် ဖြည့်ဆည်းထောက်ပံ့ပေးရမည်။

(ဂ) အစားအသောက်ကျွေးမွေးခြင်းနှင့်ဆိုင်သောအဖွဲ့၏ ဝန်ထမ်းများသည် သက်ဆိုင် ရာတာဝန်များကို ထမ်းဆောင်ရန်အတွက် စနစ်တကျလေ့ကျင့်ထားပြီးသူ သို့မဟုတ် သင်ယူထားပြီးသူဖြစ်ရမည်။

(ဃ) ရေယာဉ်မှူး သို့မဟုတ် ရေယာဉ်မှူး၏ အခွင့်အာဏာဖြင့် သင်္ဘောပေါ်တွင် အောက်ဖော်ပြပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ၇ ရက်ထက်မကျော်လွန်သည့် ကာလ၌ စစ်ဆေးခြင်းကို စာရွက်စာတမ်းအထောက်အထားဖြင့်ဆောင်ရွက်ရမည်-

(၁) စားနပ်ရိက္ခာနှင့်သောက်သုံးရေများပေးခြင်း၊

(၂) စားနပ်ရိက္ခာနှင့် သောက်သုံးရေများ ကိုင်တွယ်ခြင်းနှင့် သိုလှောင်သည့် နေရာများနှင့် ကိရိယာများအားလုံး၊

(၃) အစားအစာ ကျွေးမွေးခြင်းနှင့် ပြင်ဆင်ခြင်းအတွက် အသုံးအဆောင်များနှင့် သင်္ဘောစားဖိုဆောင်။

(င) သင်္ဘောပိုင်ရှင်သည် သင်္ဘောစားဖိုမှူးအဖြစ် တာဝန်ထမ်းဆောင်မည့် သင်္ဘောဝန်ထမ်း၏ လေ့ကျင့်သင်ယူခြင်း၊ အရည်အသွေးပြည့်ဝခြင်းနှင့် ကျွမ်းကျင် မှုရှိခြင်းတို့အပေါ်သေချာမှုရှိစေရန် ဆောင်ရွက်ရမည်။ ထို့အပြင် သင်္ဘောစားဖိုမှူးအဖြစ် တာဝန်ထမ်းဆောင်မည့် သင်္ဘောဝန်ထမ်းသည် ဦးစီးဌာနမှ အသိအမှတ်ပြုထားသည့် လက်တွေ့ချက်ပြုတ်မှု၊ အစားအသောက်နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး၊ အစားအသောက်ထားသိုမှု၊ လက်ကျန်စာရင်းစစ်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အစားအသောက်ဝန်ဆောင်မှုဆိုင်ရာ ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းရေး စသောအချက်များပါဝင်သော သင်တန်းကို တက်ရောက်ပြီးဖြစ်ရမည်။

**ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မတော်တဆမှုတားဆီးခြင်း** (စည်းမျဉ်း၄.၃)

၁၁။ (က) သင်္ဘောပေါ်ရှိ စက်ယန္တရားနှင့် ပစ္စည်းကိရိယာများကို အသုံးပြုခြင်းကြောင့် ပေါ်ပေါက်လာသော အနာရောဂါဖြစ်ပွားခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိခြင်း၊ ဓာတုပစ္စည်းများနှင့် ပတ်ဝန်းကျင်အန္တရာယ်တို့ကြောင့် ထိခိုက်ပျက်စီးနိုင်ခြေ အဆင့်ဆင့်တို့ကို တားဆီးရန်နှင့် လျှော့ချရန် ဆောင်ရွက်မှုများ အပါအဝင် လုပ်ငန်းခွင် မတော်တဆမှုများ၊ ထိခိုက်ဒဏ်ရာရရှိမှုများနှင့် အနာရောဂါဖြစ်ခြင်းတို့မှကာကွယ်ရန် သင်္ဘောဝန်ထမ်းများ၏ လေ့ကျင့်ခြင်း၊ သင်ယူခြင်းနှင့် ထိခိုက်ပျက်စီးနိုင်ခြေအား အကဲဖြတ်ခြင်းများပါဝင်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးတို့နှင့်စပ်လျဉ်းသည့် ထိရောက်သော မူဝါဒများနှင့် အစီအစဉ်များကို သင်္ဘောပိုင်ရှင်က ချမှတ်ရမည်။

(ခ) သင်္ဘောပိုင်ရှင်သည် အကာအကွယ်ပစ္စည်းကိရိယာ သို့မဟုတ် အခြား မတော်တဆ ထိခိုက်မှုကို တားဆီးသည့်ကိရိယာများနှင့် ထိုပစ္စည်းကိရိယာ အသုံးပြုရန် သတ်မှတ်ချက်များကို သင်္ဘောဝန်ထမ်းများအား ဖြည့်ဆည်းထောက်ပံ့ပေးရမည်။

(ဂ) သင်္ဘောပိုင်ရှင်သည် သင်္ဘောပေါ်တွင်အသုံးပြုသော စက်ယန္တရားများ၌ သင့်လျော်သည့် အရံအတားများ တပ်ဆင်ထားရှိမှုကို သေချာစေရမည်ဖြစ်ပြီး အရံအတားမဲ့သောစက်ယန္တရားများကို အသုံးပြုခြင်းအားတားမြစ်ရမည်။

(ဃ) သင်္ဘောပိုင်ရှင်သည် သင်္ဘောဝန်ထမ်းများ၏ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ အခြားပုဂ္ဂိုလ်များကို လုပ်ငန်းခွင်ဆိုင်ရာ မတော်တဆမှုများ၊ ထိခိုက်ဒဏ်ရာရရှိမှုများနှင့် အနာရောဂါဖြစ်ခြင်းတို့မှ ကာကွယ်တားဆီးရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကာကွယ်မှုများတွင် စဉ်ဆက်မပြတ်တိုးတက်ရန်အတွက် သင်္ဘောလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အင်ဂျင်နီယာလုပ်ငန်းနှင့် ပုံစံထိန်းသိမ်းခြင်း၊ စုပေါင်းနှင့် တစ်ဦးချင်း တာဝန်များအတွက် လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို အစားထိုးခြင်းနှင့် တစ်ကိုယ်ရေ ကာကွယ်ရေး ပစ္စည်းကိရိယာအသုံးပြုခြင်း စီစဉ်ဆောက်ရွက်မှုတို့ကို ထည့်သွင်းစဉ်းစားပြီး သေချာအောင်ဆောင်ရွက်ပေးရမည်။

(င) သင်္ဘောပိုင်ရှင်သည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်းသည့် ပျက်စီးဆုံးရှုံးနိုင်ခြေ အကဲဖြတ်ခြင်းကို ဆောင်ရွက်ရာတွင် ၎င်းတို့၏သင်္ဘောများမှ သင့်လျော်သည့် အချက်အလက် စာရင်းဇယားများနှင့် ဦးစီးဌာနမှထုတ်ပြန်ထားသည့် ယေဘုယျစာရင်းဇယားကို ရည်ညွှန်းကိုးကားရမည်။

(စ) သင်္ဘောပိုင်ရှင် သို့မဟုတ် သင်္ဘော၏ ရေယာဉ်မှူးသည် သင်္ဘောပေါ်တွင် လုပ်ငန်းခွင် မတော်တဆမှုများ၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ အနာရောဂါဖြစ်ခြင်းတို့နှင့် အန္တရာယ်ရှိနေသည့် အခြေအနေများကို ပြုပြင်အရေးယူဆောင်ရွက်ထားခြင်းကို ဦးစီးဌာနသို့ သတင်းပေးပို့ရမည်။ ၃ ရက် ဆက်တိုက်ထက် ပို၍အလုပ်လုပ်ကိုင်ရန် သင့်လျော်ခြင်းမရှိစေသော သို့မဟုတ် အနည်းဆုံး ၂၄ နာရီ ကြာ ဆေးရုံတက်ရစေသည့် မည်သည့်မတော်တဆထိခိုက်မှု၊ ဒဏ်ရာရရှိမှုနှင့် အနာရောဂါ ဖြစ်ခြင်းတို့ကိုမဆို ဦးစီးဌာနသို့ သတင်းပေးပို့ရမည်။

(ဆ) သင်္ဘောပိုင်ရှင်သည်–

(၁) သင်္ဘောပေါ်ရှိ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းနှင့် ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့် အစီအမံများကို ဖော်ဆောင်ခြင်းနှင့်စပ်လျဉ်းသော တာဝန်ဝတ္တရားများအတွက် ရေယာဉ်မှူး သို့မဟုတ် ရေယာဉ်မှူးမှ အခွင့်အာဏာပေးထားသူ သို့မဟုတ် နှစ်ဦးစလုံး၏ လုပ်ပိုင်ခွင့်အာဏာကို သတ်မှတ်ပေးရမည်။

(၂) သင်္ဘော၏ အန္တရာယ်ကင်းရှင်းရေးကော်မတီ အစည်းအဝေးများတွင် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိုယ်စားလှယ်များအဖြစ် ပါဝင်ရန် ရွေးချယ်ထားသော သို့မဟုတ် ခန့်အပ်ထားသော သင်္ဘောဝန်ထမ်းများ၏ လုပ်ပိုင်ခွင့်အာဏာကို သတ်မှတ်ပေးရမည်။ သင်္ဘောဝန်ထမ်း ၅ ဦး သို့မဟုတ် ၅ ဦး ထက်ပိုသော သင်္ဘောပေါ်တွင် အဆိုပါကော်မတီကို ဖွဲ့စည်းထားရမည်။

(ဇ) သင်္ဘောပိုင်ရှင်သည် သင်္ဘောဝန်ထမ်းများ၏ နေထိုင်မှု၊ လုပ်ငန်းလုပ်ကိုင်မှုနှင့် လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သန့်ရှင်းမှုရှိသောပတ်ဝန်းကျင်ဖြစ်စေရန်အတွက် သေချာစေရန်မှ ပင်လယ်ပြင်နှင့် ဆိပ်ကမ်းများတွင် သင်္ဘောများပေါ်၌ မတော်တဆမှုများ တားဆီးရေး လက်တွေ့ကျင့်သုံးမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) ကုဒ် ၁၉၉၆ (နောက်ဆက်တွဲ ဥပဒေများ အပါအဝင်)၊ စိစစ်ခွဲခြားနိုင်သော ဖြစ်နိုင်ခြေများ အပါအဝင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကာကွယ်မှုများနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO)နှင့် အပြည်ပြည်ဆိုင်ရာစံနှုန်းများ၊ လမ်းညွှန်ချက်များ၊ နည်းဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ သင်္ဘောလုပ်ငန်းအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ရေး အလုပ်သမားများအဖွဲ့ချုပ်တို့မှ ပူးတွဲထုတ်ဝေသည့် သင်္ဘောများပေါ်၌ အနှောင့်အယှက်ပေးခြင်းနှင့် အနိုင်အထက်ကျင့်ခြင်းများ ပပျောက်ရေးနှင့် ပတ်သက်သော နောက်ဆုံးအကြိမ်ထုတ် လမ်းညွှန်ချက်များကို ထည့်သွင်းစဉ်းစားကာ သင်္ဘောများပေါ်၌ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကာကွယ်မှုများနှင့် သက်ဆိုင်သော မူဝါဒများ၊ အစီအစဉ်များကို ထိထိရောက်ရောက် ဖော်ဆောင်နိုင်စေရေးများအတွက် သေချာစေရမည်။ ထို့ပြင် သင်္ဘောပိုင်ရှင်သည် အထူးအားဖြင့်

အောက်ပါ ကဏ္ဍများနှင့် စပ်လျဉ်းသည့် ကျန်းမာရေးနှင့် ဘေးကင်းရေးများကို ဂရုစိုက် ပြုရမည်–

(၁) အရေးပေါ်အခြေအနေများနှင့် မတော်တဆမှုများအတွက်တုံ့ပြန်မှုများ၊

(၂) မူးယစ်ဆေးဝါးနှင့် အရက်သေစာသောက်စားမှုများကြောင့် ဖြစ်ပေါ်လာသောအကျိုးဆက်များ၊

(၃) HIV / AIDS ကာကွယ်ရေး နှင့် တားဆီးရေးများ၊

(၄) အနှောင့်အယှက်ပေးခြင်းနှင့် အနိုင်အထက်ပြုကျင့်ခြင်းများ။

**သင်္ဘောပေါ်ရှိကျန်းမာရေးစောင့်ရှောက်မှု**(စည်းမျဉ်း၄.၁)

၁၂။ (က) သင်္ဘောပိုင်ရှင်သည် သင်္ဘောဝန်ထမ်းများ၏ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရန်အာမခံသည့်အနေဖြင့် အာမခံပေါ်လစီတစ်ခု ထားရှိပေးရမည်ဖြစ်ပြီး သင်္ဘောဝန်ထမ်းများ သင်္ဘောပေါ်တွင် အလုပ်လုပ်ကိုင်နေစဉ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုခံယူခွင့်ကို လုံလောက်စွာရရှိရေးအတွက် ယင်းအာမခံပေါ်လစီတွင် ဖော်ပြပါရှိအောင် စီစဉ်ပေးရမည်။ အာမခံပေါ်လစီသည် သင်္ဘောဝန်ထမ်းများ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါ ကာလအတိုင်း အကျုံးဝင်ရမည်။

(ခ) သင်္ဘောပိုင်ရှင်သည် အောက်ဖော်ပြပါအချက်များအား ဆောင်ရွက်ထားရှိခြင်းကို သေချာစေရမည်–

(၁) သင်္ဘောဝန်ထမ်းများသည် ဆိပ်ကမ်းသို့ ဆိုက်ရောက်စဉ် တတ်နိုင်သမျှ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အရည်အချင်းပြည့်ဝသောဆရာဝန် သို့မဟုတ် သွားဆရာဝန်ထံသို့ သွားရောက်ပြသခွင့်ရှိခြင်း၊

(၂) သင်္ဘောဝန်ထမ်းတစ်ဦးသည် သင်္ဘောပေါ်တွင်ဖြစ်စေ၊ ဆိပ်ကမ်းသို့ ဆိုက်ရောက်နေစဉ်ဖြစ်စေ သင်္ဘောဝန်ထမ်းက ကုန်ကျစရိတ် စိုက်ထုတ်ရန်မလိုသော သွားဘက်ဆိုင်ရာကျန်းမာရေးအပါအဝင် ကျန်းမာရေး စောင့်ရှောက်မှုကို ခံစားခွင့်ရှိခြင်း၊

(၃) ကျန်းမာရေးမြှင့်တင်မှုနှင့် ပညာပေးမှုအစီအစဉ်များကဲ့သို့သော ကျန်းမာရေးစောင့်ရှောက်မှုအတွက်ကြိုတင်ကာကွယ်သည့် သဘာဝရှိသော အစီအမံများကိုဆောင်ရွက်ပေးခြင်း။

(ဂ) သင်္ဘောတိုင်းသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO)၊ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် (WHO) တို့ ပူးပေါင်းပြုစုသော နောက်ဆုံးထုတ်ပြန်ထားသည့် သင်္ဘောများအတွက် နိုင်ငံတကာ ဆေးပညာဆိုင်ရာ လမ်းညွှန်ချက်၊ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO) ကထုတ်ပြန်ထားသည့် ဘေးအန္တရာယ်ရှိသောကုန်စည်များကြောင့် ပေါ်ပေါက်သည့် မတော်တဆမှုများ၌ အသုံးပြုရန်အတွက် ဆေးပညာရပ်ဆိုင်ရာ ရှေးဦးပြုစုခြင်း လမ်းညွှန်ချက်နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO)၊ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် (WHO) တို့ ပူးပေါင်းပြုစုသော အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း သင်္ဘောဝန်ထမ်း လေ့ကျင့်သင်ကြားခြင်း လမ်းညွှန်ချက်တို့နှင့်တကွ နိုင်ငံတော်၏ ဥပဒေ အထောက်အထားစာရွက်စာတမ်းများနှင့် လမ်းညွှန်ချက်များပါ သတ်မှတ်ချက်များအရ သင်္ဘောအရွယ်အစားများနှင့် ကိုက်ညီသည့် ဆေးဝါးသိုလှောင်ရုံ၊ ဆေးခန်းသုံးပစ္စည်းများနှင့် ဆေးကုသမှုဆိုင်ရာ လမ်းညွှန်ချက်များကို သင်္ဘောပေါ်တွင် သယ်ဆောင်ထားရှိရမည်။

(ဃ) ခရီးသည်ဦးရေ ၁၀၀ နှင့်အထက် တင်ဆောင်သော သင်္ဘောများသည် အပြည်ပြည်ဆိုင်ရာသွားခရီးစဉ်တွင် သာမန်အားဖြင့် ၃ ရက်အထက်ကြာမြင့်လျှင် ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် အရည်အချင်းပြည့်ဝသော ဆရာဝန်တစ်ဦးကို သင်္ဘောပေါ်တွင် တာဝန်ချထားရှိရမည်။

(င) ဆရာဝန်မတင်ဆောင်သော သင်္ဘောတိုင်းသည် STCW ကွန်ဗင်းရှင်းပါ လိုအပ်ချက်များနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုတွင် လေ့ကျင့်သင်ယူပြီး တတ်ကျွမ်းသည့် သင်္ဘောဝန်ထမ်းတစ်ဦး အနည်းဆုံးထားရှိရမည်။

(စ) ဦးစီးဌာနက သတ်မှတ်ထားသော ဆေးဘက်ဆိုင်ရာ မှတ်တမ်းပုံစံကိုသာ ရေယာဉ်မှူးနှင့်တကွ သက်ဆိုင်ရာ ဆိပ်ကမ်းနှင့် သင်္ဘောပေါ်ရှိ ဆေးဝန်ထမ်းတို့က အသုံးပြုရမည်။

**သင်္ဘောပေါ်၌တိုင်ကြားခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ** (စည်းမျဉ်း ၅.၁.၅)

၁၃။ (က) သင်္ဘောပိုင်ရှင်သည် ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်း၊ ၂၀၀၆ နှင့် ယင်း၏ပြင်ဆင်ချက်အား ချိုးဖောက်သည်ဟု စွပ်စွဲမှုအပေါ် သင်္ဘောဝန်ထမ်း

တစ်ဦး၏ တိုင်ကြားချက်ကို တရားမျှတမှုရှိပြီး၊ ထိရောက်မြန်ဆန်စွာ အရေးယူဆောင်ရွက်နိုင်စေရန် ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်း၊ ၂၀၀၆ နှင့် ယင်း၏ပြင်ဆင်ချက်၏ စည်းမျဉ်း ၅.၁.၅ နှင့် စံသတ်မှတ်ချက် အေ ၅.၁.၅ တို့အရ လိုအပ်သော သင်္ဘောပေါ်၌ တိုင်ကြားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတစ်ရပ် ဆောင်ရွက်ထားရှိရေးကို သေချာစေရမည်။

(ခ) သင်္ဘောပေါ်၌ တိုင်ကြားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် ပူးတွဲပါသော သို့မဟုတ် ကိုယ်စားပြုသော သင်္ဘောဝန်ထမ်း၏ရပိုင်ခွင့်အခွင့်အရေးများအပြင် တိုင်ကြားခြင်း ဆောင်ရွက်သည့်အတွက် သင်္ဘောဝန်ထမ်းသို့ ဖြစ်လာနိုင်ဖွယ်ရှိသော မတရား ဖိနှိပ်ဆက်ဆံခံရခြင်းတို့အတွက် ကာကွယ်ပေးထားမှုများလည်း ပါဝင်ရမည်။ မတရား ဖိနှိပ်ဆက်ဆံခံရခြင်းဆိုရာ၌ သိသာထင်ရှားစွာ ဥပါဒ်ဖြစ်စေခြင်း သို့မဟုတ် မလိုတမာဖြင့် ပြုလုပ်ထားခြင်းမရှိသော တိုင်ကြားမှုကို ပြုလုပ်ထားသည့် သင်္ဘောဝန်ထမ်းသို့ အခြားမည်သူတစ်ဦးကမဆို ပြုလုပ်သော ဆိုးရွားထိခိုက်စေသည့် အပြုအမူ ဖြစ်သည်။

(ဂ) သင်္ဘောပိုင်ရှင်သည် သင်္ဘောတစ်စီးစီးတွင် လုပ်ကိုင်နေသည့် သင်္ဘောဝန်ထမ်းအားလုံးတို့ကို သင်္ဘောပေါ်၌ တိုင်ကြားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းမိတ္တူတစ်စုံစီ ရရှိရေး ဆောင်ရွက်ထားရှိမှုကို သေချာစေရမည်။ အဆိုပါမိတ္တူတွင် ဦးစီးဌာနသို့ ဆက်သွယ်ရန် အချက်အလက်များ၊ ထိုသို့မဟုတ်လျှင် သင်္ဘောဝန်ထမ်းနေထိုင်ရာ နိုင်ငံရှိ ကျွမ်းကျင်သော အခွင့်အာဏာရှိသူ၊ သင်္ဘောပေါ်၌ တိုင်ကြားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလိုက်နာစေရန် အခြားနည်းဖြင့်ဖြေရှင်းကူညီသူ၊ သင်္ဘောဝန်ထမ်းများ၏ တိုင်ကြားချက်အပေါ်တွင် အတွင်းရေးကို ထိန်းသိမ်းသောမှုဖြင့် သမာသမတ်ကျစွာ အကြံဉာဏ်ပေးနိုင်သူ၊ သင်္ဘောပေါ်ရှိ ဆောင်ရွက်ပေးနိုင်သည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပုဂ္ဂိုလ်များ၏ အမည်များ လည်းပါဝင်ရမည်။

(ဃ) သင်္ဘောပိုင်ရှင်သည် တိုင်ကြားလာမှုတိုင်းအား ဖြစ်နိုင်သမျှ အောက်ခြေအဆင့်များတွင်သာ ပြေလည်ညှိနှိုင်းမှု ရရှိနိုင်စေရေးကို သေချာစေရမည်။ သင်္ဘောဝန်ထမ်းများသည် ၎င်းတို့၏တိုင်ကြားချက်အား ရေယာဉ်မှူးအပြင် သင့်လျော်သော ပြင်ပ အာဏာပိုင်များထံသို့လည်း တိုက်ရိုက်တင်ပြခွင့်ရှိရမည်။

**လုပ်ခပေးချေခြင်း(စည်းမျဉ်း၂.၂)**

၁၄။ (က) သင်္ဘောပိုင်ရှင်သည် သင်္ဘောဝန်ထမ်းများ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်နှင့် စုပေါင်းတောင်းဆိုညှိနှိုင်းသဘောတူစာချုပ်အရ အလုပ်ခန့်အပ်ထားသော သင်္ဘောဝန်ထမ်း၏လစာကို တစ်လထက်ပိုမကြာစေဘဲ ပေးချေဆောင်ရွက်ရန် သေချာစေရမည်။

(ခ) သင်္ဘောပိုင်ရှင်သည် သင်္ဘောဝန်ထမ်းများအား ၎င်းတို့၏ လုပ်ခနှင့် လုပ်ခလွှဲပြောင်းပေးခြင်းကဲ့သို့သော တရားဝင်ခွင့်ပြုထားသည့် လစာနှုတ်ယူမှု တစ်ရပ်ရပ်တို့ပါဝင်သည့် လစဉ်ငွေစာရင်းရှင်းတမ်းတစ်ခု ရရှိခွင့်ကို သေချာအောင်ဆောင်ရွက်ရမည်။

(ဂ) ငွေကြေးလဲလှယ်မှုနှုန်းထားသည် သင်္ဘောဝန်ထမ်းများအတွက် အသာရမှု မရှိသောနှုန်းထားမဖြစ်စေရ။

(ဃ) သင်္ဘောပိုင်ရှင်သည် သင်္ဘောဝန်ထမ်းမှ ၎င်းတို့၏လုပ်ခအားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ၎င်းတို့၏မိသားစုများ သို့မဟုတ် မှီခိုသူ သို့မဟုတ် ဥပဒေကြောင်းအရ အကျိုးခံစားခွင့်ရှိသူထံသို့ လွှဲပြောင်းပေးသည့် နည်းလမ်းများကို စီမံဆောင်ရွက်ပေးရမည်။ ထိုသို့ဆောင်ရွက်ရာတွင် သင်္ဘောဝန်ထမ်းများမှ ၎င်းတို့၏မိသားစုများထံသို့ လုပ်ခလွှဲပြောင်းနိုင်သော အောက်ဖော်ပြပါ နည်းလမ်းများပါဝင်သည်-

(၁) သင်္ဘောဝန်ထမ်းများဆောင်ရွက်နိုင်သည့် စနစ်တစ်ရပ်ဖြစ်သည့် သင်္ဘောဝန်ထမ်းများအလုပ်စတင်ခန့်အပ်သည့်အချိန် သို့မဟုတ် အလုပ်လုပ်နေစဉ်ကာလအတွင်း ၎င်းတို့၏မိသားစုထံသို့ လုပ်ခလစာ တစ်စိတ်တစ်ပိုင်းအားခွဲဝေရန်ဆန္ဒရှိပါက ပုံမှန်ကာလ၌ ဘဏ်မှလွှဲပြောင်းပေးခြင်း သို့မဟုတ်အလားတူအစီအစဉ်တစ်ရပ်၊

(၂) သင်္ဘောဝန်ထမ်းများက အမည်စာရင်းတင်သွင်းထားသည့်ပုဂ္ဂိုလ် သို့မဟုတ်ပုဂ္ဂိုလ်များထံသို့ လုပ်ခလစာတိုက်ရိုက်လွှဲပြောင်းမှုကို သတ်မှတ်ချိန်အတိုင်းပေးနိုင်သော သတ်မှတ်ပြဋ္ဌာန်းချက်တစ်ခု။

(င) အပိုဒ်ခွဲ (ဃ) အရ ဆောင်ရွက်ရာတွင် ဝန်ဆောင်ကြေးငွေတစ်ရပ်ရပ်သည်သင့်လျော်သည့် ပမာဏဖြစ်ရမည်။

(စ) ပင်လယ်ဓါးပြမှုကြောင့်သော်လည်းကောင်း၊ လက်နက်ကိုင်လုယက်မှုကြောင့် သော်လည်းကောင်း သင်္ဘောပေါ်တွင်ဖြစ်စေ သို့မဟုတ် သင်္ဘောပေါ်မဟုတ်သော အခြားနေရာတွင်ဖြစ်စေ သင်္ဘောဝန်ထမ်းအား ဖမ်းဆီးထိန်းသိမ်းခံရခြင်းကြောင့် သင်္ဘောဝန်ထမ်း၏လစာငွေနှင့် စံသတ်မှတ်ချက် အေ ၂.၂ ၊ စာပိုဒ်(၄) အရ ဖေါ်ပြထားသော ငွေလွှဲပို့ခြင်းအပါအဝင် သင်္ဘောဝန်ထမ်းများ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် သို့မဟုတ် သက်ဆိုင်ရာ စုပေါင်းတောင်းဆိုညှိနှိုင်း သဘောတူစာချုပ် သို့မဟုတ် သက်ဆိုင်ရာနိုင်ငံ၏ပြည်တွင်းဥပဒေ အရ အခြားရပိုင်ခွင့်များအားလုံးအား သင်္ဘောဝန်ထမ်း ဖမ်းဆီးထိန်းသိမ်းခံထားရချိန် တစ်လျှောက်လုံးမှသည် လွတ်မြောက်ချိန်နှင့် စံသတ်မှတ်ချက်အေ ၂.၅.၁ အရ သတ်မှတ်ထားသည့် နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးပြီးသည်အထိဖြစ်စေ သို့မဟုတ် ဖမ်းဆီးထိန်းသိမ်းခံရထားချိန်အတွင်း သင်္ဘောဝန်ထမ်း သေဆုံးသွားပါက သက်ဆိုင်ရာနိုင်ငံ၏ ပြည်တွင်းဥပဒေ သို့မဟုတ် စည်းမျဉ်းတို့ပါ သတ်မှတ်ချက်များအရ သေဆုံးသွားသည့်နေ့အထိဖြစ်စေ ဆက်လက်ပေးရမည်ဖြစ်သည်။ ပင်လယ်ဓါးပြမှုနှင့် လက်နက်ကိုင်လုယက်မှု အနက်အဓိပ္ပါယ်သည် သင်္ဘောဝန်ထမ်းများ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ခေါင်းစဉ်အောက်ရှိ အပိုဒ် ၄ ၊ အပိုဒ်ခွဲ (ဈ) တွင် ဖွင့်ဆိုထားသည့်အတိုင်းပင်ဖြစ်သည်။

**နေရင်းဒေသသို့ပြန်လည်ပို့ဆောင်ခြင်းအတွက် ငွေကြေးအာမခံ**(စည်းမျဉ်း၂.၅)

၁၅။ (က) သင်္ဘောဝန်ထမ်းတစ်ဦးသည် နေရင်းဒေသသို့ပြန်ရန် ဖြစ်ပေါ်လာလျှင် သင်္ဘောပိုင်ရှင်သည် ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်း၊ ၂၀၀၆ နှင့် ယင်း၏ ပြင်ဆင်ချက်၏ စံသတ်မှတ်ချက် အေ ၂.၅.၂ ပါ လိုအပ်ချက်များနှင့် ကိုက်ညီသည့် တာဝန်ရှိမှုတစ်ရပ်ရပ်ဖြစ်သော သက်တမ်းရှိ အာမခံပေါ်လစီတစ်ခု သို့မဟုတ် အခြားလုံလောက်သော ငွေကြေးအာမခံ ဆောင်ရွက်ထားရှိမှုကို သေချာစေရမည်။

(ခ) သင်္ဘောပိုင်ရှင်သည် ငွေကြေးအာမခံပေးသူက အတည်ပြုထောက်ခံချက် ငွေကြေးအာမခံ သို့မဟုတ် အခြားအာမခံ ပေါ်လစီ၏ အထောက်အထား သို့မဟုတ် လက်မှတ်တစ်ခုတို့ကို သင်္ဘောပေါ်တွင် သယ်ဆောင်ထားရှိရန် သေချာစေရမည်။ ယင်းမိတ္တူတစ်စုံကို သင်္ဘောဝန်ထမ်းများ သိသာစေရန်သင်္ဘောပေါ်ရှိ မြင်သာသော နေရာတွင်ထားရှိရမည်။

(ဂ) သင်္ဘောပိုင်ရှင်သည် သင်္ဘောပေါ်တွင် အလုပ်လုပ်ကိုင်ရန် ခန့်အပ်ထားသည့် သင်္ဘောဝန်ထမ်းတစ်ဦးအား သင်္ဘောပေါ်မှစွန့်ခွာသည့်အခါ ကူညီထောက်ပံ့ပေးနိုင်ရန်အတွက် ငွေကြေးအာမခံလက်မှတ်တစ်ခု၏ သက်တမ်းရှိစေရေးကို သေချာစေရမည်။ သင်္ဘောဝန်ထမ်းတစ်ဦး သင်္ဘောပေါ်မှ စွန့်ခွာခြင်းဆိုရာ၌ ယင်းအဓိပ္ပါယ်သည် ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်း၊ ၂၀၀၆ နှင့် ယင်း၏ပြင်ဆင်ချက်ပါ ပြဋ္ဌာန်းချက်များနှင့် သင်္ဘောဝန်ထမ်းများ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါ အချက်များကို ချိုးဖောက်၍ သင်္ဘောပိုင်ရှင်မှ–

(၁) သင်္ဘောဝန်ထမ်း နေရင်းဒေသသို့ ပြန်ရန်အတွက် ကုန်ကျစရိတ်ကို မပေးသောအခါ၊

(၂) လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုနှင့် အထောက်အပံ့များမရှိဘဲ သင်္ဘောဝန်ထမ်းအားထားခဲ့သောခါ၊

(၃) စာချုပ်ပါ အခကြေးငွေများကို နှစ်လထက်ပိုသောကာလဖြင့် ပေးချေရန် ပျက်ကွက်မှုအပါအဝင် သင်္ဘောဝန်ထမ်းအား တစ်ဖက်သတ်အားဖြင့် သဘောတူစေသောအခါများတွင် အကျုံးဝင်သည်။

(ဃ) ငွေကြေးအာမခံပေးသူ တစ်ဦးထက်ပိုလျှင် ပေးသူတစ်ဦးချင်းစီက ပေးအပ်သည့် စာရွက်စာတမ်းအထောက်အထားတို့ကို သင်္ဘောပေါ်တွင် သယ်ဆောင်ထားရှိရမည်။

(င) လက်မှတ် သို့မဟုတ် အခြားသက်သေခံစာရွက်စာတမ်းတွင် ပင်လယ်ရေကြောင်း အလုပ်သမားကွန်ဗင်းရှင်း၊ ၂၀၀၆ နှင့် ယင်း၏ပြင်ဆင်ချက်၏ နောက်ဆက်တွဲ အေ၂-၁ အရ လိုအပ်သည့်အချက်အလက်များ ပါဝင်ရမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုချက်အား ပူးတွဲပါရှိရမည်။

(စ) ပင်လယ်ဓါးပြမှုကြောင့် သော်လည်းကောင်း၊ လက်နက်ကိုင် လုယက်မှုကြောင့် သော်လည်းကောင်း သင်္ဘောပေါ်တွင်ဖြစ်စေ သို့မဟုတ် သင်္ဘောပေါ် မဟုတ်သော အခြားနေရာတွင်ဖြစ်စေ သင်္ဘောဝန်ထမ်းအား ဖမ်းဆီးထိန်းသိမ်းခံရခြင်းမှလွဲ၍ ပြည်တွင်းဥပဒေ သို့မဟုတ် စည်းမျဉ်း သို့မဟုတ် စုပေါင်းတောင်းဆိုညှိနှိုင်း သဘောတူစာချုပ်အရ သတ်မှတ်ထားသော အချိန်ကာလအတွင်း သင်္ဘောဝန်ထမ်းများမှ ၎င်းတို့၏နေရပ်ပြန်ခွင့်အား မတောင်းဆိုပါက ထိုခံစားပိုင်ခွင့် ပျက်ပြယ်နိုင်သည်။

**ငွေကြေးအာမခံနှင့်စပ်လျဉ်း၍ သင်္ဘောပိုင်ရှင်၏ တာဝန်ရှိမှု** (စည်းမျဉ်း၄.၂)

၁၆။ (က) သင်္ဘောပိုင်ရှင်သည် ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်း၊ ၂၀၀၆ နှင့် ယင်း၏ပြင်ဆင်ချက်၏ စံသတ်မှတ်ချက်အေ ၄.၂ ပါ လိုအပ်ချက်များနှင့် ကိုက်ညီသည့် လုပ်ငန်းခွင်ဆိုင်ရာ ထိခိုက်ဒဏ်ရာရမှု၊ နာမကျန်းဖြစ်မှု သို့မဟုတ် အန္တရာယ်ဖြစ်မှုများအတွက် သင်္ဘောဝန်ထမ်းတစ်ဦးကို လျော်ကြေးပေးရန် သင်္ဘောပိုင်ရှင်၏ လုံလောက်သော တာဝန်ရှိမှုနှင့် ကိုက်ညီလာမည့် သက်တမ်းရှိ အာမခံ ပဋိညာဉ်တစ်ခု သို့မဟုတ် အခြားငွေကြေးအာမခံ ဆောင်ရွက်ထားရှိမှုကို သေချာစေရမည်။

(ခ) သင်္ဘောဝန်ထမ်းတစ်ဦး သို့မဟုတ် ယင်း၏ဆွေမျိုးရင်းချာ သို့မဟုတ် ယင်း၏ကိုယ်စားလှယ် သို့မဟုတ် လျာထားသတ်မှတ်ထားသည့် အကျိုးခံစားခွင့်ရှိသူတစ်ဦးဦးအား သင်္ဘောဝန်ထမ်း သေဆုံးခြင်းသို့မဟုတ် နာတာရှည်သန်မစွမ်းဖြစ်ခြင်းကြောင့် ပေးချေရမည့် လျော်ကြေးတစ်ရပ်ရပ်အောက် လျော့နည်းသည့် ပမာဏကို လက်ခံရန်ဖိအားမပေးရ။

(ဂ) သင်္ဘောပိုင်ရှင်သည် ငွေကြေးအာမခံပေးသူက ထုတ်ပေးထားသည့် လက်မှတ်တစ်ခု သို့မဟုတ် အခြားငွေကြေးအာမခံ သက်သေခံစာရွက်စာတမ်းကို သင်္ဘောပေါ်တွင် သယ်ဆောင်ထားရှိရန် သေချာစေရမည်။ ယင်းမိတ္တူတစ်စုံကို သင်္ဘောဝန်ထမ်းများ သိစေနိုင်ရန် သင်္ဘောပေါ်ရှိ မြင်သာသောနေရာတွင် ထားရှိရမည်။

(ဃ) ငွေကြေးအာမခံပေးသူတစ်ဦးထက်ပိုသည့်အခါ ပေးသူတစ်ဦးချင်းစီ၏ ပေးအပ်ထားသည့် စာရွက်စာတမ်းအထောက်အထားကို သင်္ဘောပေါ်တွင် သယ်ဆောင်ထားရှိရမည်။

(င) လက်မှတ် သို့မဟုတ် အခြားငွေကြေးအာမခံသက်သေခံ စာရွက်စာတမ်းတွင် ပင်လယ်ရေကြောင်းအလုပ်သမားကွန်ဗင်းရှင်း၊ ၂၀၀၆ နှင့် ယင်း၏ ပြင်ဆင်ချက်၏ နောက်ဆက်တွဲ အေ ၄-၁ တွင်လိုအပ်သည့် အချက်အလက်များ ပါဝင်ရမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုချက်အား ပူးတွဲပါရှိရမည်။

(စ) လျော်ကြေးငွေတစ်ရပ်ပေးရန် တောင်းဆိုသူများသည် ပင်လယ်ရေကြောင်းအလုပ်သမား ကွန်ဗင်းရှင်း၊ ၂၀၀၆ နှင့် ယင်း၏ပြင်ဆင်ချက်၏ နောက်ဆက်တွဲဘီ ၄-၁ တွင် သတ်မှတ်ထားသည့် လက်ခံရရှိကြောင်းနှင့် ပြေအေးကြောင်းနမူနာပုံစံ (Model Receipt and Release Form) ကိုအသုံးပြုရမည်။

| | |
|---|---|
| အမည် | ..................................... |
| ရာထူး | ..................................... |
| လက်မှတ် | ..................................... |
| နေရာ | ..................................... |
| ရက်စွဲ | ..................................... |

(အာဏာပိုင်အဖွဲ့အစည်း၏တံဆိပ်ခေါင်း သို့မဟုတ် တံဆိပ်တုံး)

# ပြည့်စုံလုံလောက်သော တူညီမှုများ

(မှတ်ချက်။ အသုံးမပြုသောရေးသားဖော်ပြချက်များကိုခြစ်ပစ်ရန်)

အထက်တွင်ဖော်ပြထားသည်များမှလွဲ၍ ကွန်ဗင်းရှင်း၏ အပိုဒ် ၆ ၊ စာပိုဒ် ၃ နှင့် ၄ အရ ပြဋ္ဌာန်းထားသော အောက်ဖော်ပြပါ ပြည့်စုံလုံလောက်သော တူညီမှုများအား ရေးသွင်းထားသည်-

………………………………………………………………………………………………

………………………………………………………………………………………………

မည်သည့်တူညီမှုကိုမျှ ခွင့်ပြုထားခြင်းမရှိ။

အမည် ……………………………………..

ရာထူး ……………………………………..

လက်မှတ် ……………………………………..

နေရာ ……………………………………..

ရက်စွဲ ……………………………………..

(အာဏာပိုင်အဖွဲ့အစည်း၏တံဆိပ်ခေါင်း သို့မဟုတ် တံဆိပ်တုံး)

## ကင်းလွတ်ခွင့်များ

(မှတ်ချက်။ အသုံးမပြုသောရေးသားဖော်ပြချက်များကိုခြစ်ပစ်ရန်)

ကွန်ဗင်းရှင်းပါခေါင်းစဉ် ၃ ၏ ပြဋ္ဌာန်းချက်များနှင့်အညီ အရည်အချင်းပြည့်မီသော အခွင့်အာဏာ ရှိသူက ခွင့်ပြုထားသော အောက်ပါကင်းလွတ်ခွင့်များကိုရေးသွင်းထားသည်–

………………………………………………………………………………………

………………………………………………………………………………………

မည်သည့်ကင်းလွတ်ခွင့်ကိုမျှခွင့်ပြုထားခြင်းမရှိ။

| | |
|---|---|
| အမည် | …………………………………….. |
| ရာထူး | ……………………………………. |
| လက်မှတ် | …………………………………….. |
| နေရာ | …………………………………….. |
| ရက်စွဲ | …………………………………….. |

(အာဏာပိုင်အဖွဲ့အစည်း၏တံဆိပ်ခေါင်း သို့မဟုတ် တံဆိပ်တုံး)